

ကောင်းကင်

# မှော်ဝင်အိမ်ကြီး နှင့် တစ်ညတာ

ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုတိုများ

# လပြည့်နေ့ညက ဖြစ်ခဲ့သည်

ကျွန်တော့် စာဖတ်ပရိသတ်အသစ်များ နှင့် စာဖတ်ပရိသတ်တို့ အားလုံး "မင်္ဂလာရှိသော ညချမ်းလေးပါ" ခင်ဗျာ။

ကျွန်တော် ဒီတစ်ခေါက်ရေးသားဖော်ပြမည့် အစ်ကိုခြောင်းအရာလေးက "လပြည့်နေ့ညက ဖြစ်ခဲ့သည် " ဆိုသည့် ခေါင်းစဉ်လေး ဖြစ်ပါတယ်ခင်ဗျာ။

ဒီခေါင်းစဉ်လေးရဲ့ အထဲမှာ ပါဝင်သည့် အချက်များကို ကြည့်ခြင်းအားဖြင့် ကျွန်တော် ဘယ်သူလဲဆိုတာ စာဖတ်သူတွေ တဖြည်းဖြည်းချင်း နားလည် သဘောပေါက်လာပါလိမ့်မယ်။ သဘောမပေါက်လည်း ကိစ္စမရှိပါဘူး။

ဒီခရီးစဉ်လေးက ရွာတစ်ရွာမှာ ဖြစ်ခဲ့တာပေါ့ဗျာ။ ဤရွာ၏ အမည်ကား ထနောင်းကုန်းရွာ ဖြစ်၏ တည်း။ ကျွန်တော်လည်း ရွာမရောက်ဖူးသောကြောင့် ဤရွာသည် ကျွန်တော့် အတွက် ပထမဆုံးသော ရွာခရီးစဉ် ဖြစ်သည် ။ ထိုခရီးစဉ်ကို ကျွန်တော် လောလောလတ်လတ် သွားခဲ့သော ခရီးစဉ်ဆိုလည်း မမှားပါဘူး။

ကျွန်တော့် ဒီခရီးစဉ်လေးမှာ အဘက်ဘက်က ပါဝင်ကူညီ အားဖြည့်ပေးသော ထနောင်းကုန်း ရွာသူ၊ ရွာသား အားလုံးနှင့်တကွ သူကြီးတို့ကို ကျွန်တော် ဒီနေရာကနေ ကျေးဇူးဂါဝရ ပြုလိုက်ပါတယ် ခင်ဗျာ။

ဒီခရီးစဉ်လေးကို ကျွန်တော် (၁၉-၀၈-၂၀၁၈) ည (၁၀) နာရီ ခန့်တွင် သွားခဲ့သော ခရီးစဉ်လေး ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော့်မှာ အဖော် သူငယ်ချင်း၊ မိတ်ဆွေ မရှိသဖြင့် တစ်ယောက်တည်း အေးအေးဆေးဆေး စိတ်လွတ် ကိုယ်လွတ် သွားလို့ ရသည် ။ ရှေးဦးစွာ ကျွန်တော် ခရီး မထွက်ခင် မိဘနှစ်ပါးကို ရှိခိုးကန်တော့သည် ။ ထိုသို့ ကန်တော့ ပြီးနောက် ကျွန်တော်လည်း ကျွန်တော့် ခရီးကို စတင်ထွက်လာခဲ့သည် ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဘန့်ဘွေးကုန်းနှင့် ထန်းပင်ကုန်း ရွာတွေက တစ်ဆက်တည်းဗျ။ ပြီးတော့ ကျွန်တော် ပြောမယ့် စကားတွေကလည်း အညာပုံစံဖြင့် ပြောဆိုမှာ ပါ ခင်ဗျာ။ စာဖတ်သူအဖို့ စာဖတ်နည်း အသစ်တစ်ဖန် ဆန်းသစ် စေသွားမယ်ပေ့ါဗျာ။

ညလယ်ခေါင်ဖြစ်သော (၁၂:၀၀) တွင် ကျွန်တော် အမြန်လမ်းမပေါ် စတင် တက်ရောက်ခဲ့ပါသည် ။ ထို့နောက် အိပ်ငိုက်မှာ စိုးသဖြင့် လူငယ် ပီပီ သီချင်းကို အစ်ကျူယ်ကြီး ဖွင့်ပြီး ကားကို ဆက်လက် မောင်းခဲ့သည် ။ ထို့နောက်တွင် မနက် (၀၁: ၃၀) လောက်တွင် ၁၁၅ မိုင်တွင် ထမင်းစား နားခဲ့သည် ။ ထို့နောက် မိမိ မောင်းရမည့် ခရီးမှာ မိုင် (၃၀၀) ကျော် ကျန်သေးသည့် အတွက် Energy Drink များ ဖြစ်သော Red-Bull, Shark ၅ ဘူးစီ ၊ စုစုပေါင်း ၁၀ ဘူး ဝယ်ယူခဲ့သည် ။ ထို့နောက် ကားကို ဆက်လက် မောင်းလာခဲ့သည် ။ ထို့နောက် မိုင်တိုင် အမှတ် (၁၇၅/၀၆) ခန့်တွင် ထူးဆန်းမှုတစ်ခုနဲ့ စတင်ပြီး ကြုံတွေ့လာရသည် ။ ဘာထူးဆန်းမှုလဲ ဆိုတော့ကား ကျွန်တော့်ကို ပရလောကသားများက တစ်စုံတစ်ခု ဖန်ဆင်း၍ ခြောက်လှန့်ခြင်း ဖြစ်သည် ။ ကျွန်တော်ကလည်း ထိုအချိန်တွင် နည်းနည်း သတိလက်လွတ် ဖြစ်သွားသည် ။ ထိုပရလောကသားများက ကျွန်တော့် ကားကို မြင်မြင်ချင်း လက်တားသည် ။ ကျွန်တော်က ကားမောင်းတိုင်း အမြဲ မျက်ကွင်းဆေးကို ကွင်းလေ့ရှိသည် ။ ထို့နောက် ကျွန်

တော်လည်း ရုတ်တရက် ပရလောကသားများကို မသိဘဲ လူဟု သတ်မှတ်ကာ ကားပေါ်သို့ တင်ဆောင်ပြီး ကားကို ဆက်လက် မောင်းလာခဲ့သည် ။ ပရလောကသား စုစုပေါင်း (၆) ယောက် ကျွန်တော့် ကားပေါ်သို့ ရောက်ရှိနေပြီ။ မိုင်တိုင် အမှတ် (၁၉၅/၀၃) ရောက်မှ ပရလောကသားများ ရုတ်ချည်းမလှ ပျောက်ကွယ်သွားခဲ့သည် ။ ကားပေါ်တွင် လည်း ကျွန်တော်နှင့် အတူ စကားတောင် ပြောခဲ့သေးသည် ။ သူတို့ ပျောက်ကွယ်သွားပြီးမှ ကျွန်တော်လည်း ကျွန်တော့် အသိစိတ်ပြန်ဝင်လာသည် ။ ကျွန်တော် ကိုယ့်ကိုကို ဘာဖြစ်မှန်း မသိသဖြင့် ကားပေါ်တွင် ရှိသော ကင်မရာ ကြည့်လိုက်ရာ မိမိ ဘာဖြစ်ခဲ့လဲဆိုတာ သိခဲ့ရလေပြီ။ ထို့နောက် မိမိလည်း ထိုမိုင်တိုင်ကို မှတ်သားထားကာ နောက်တစ်ခါ မဖြစ်စေရန် မိမိ၏ မှတ်စု စာအုပ်ထဲတွင် မှတ်သားထားလေသည် ။ ထို့နောက် ကားကို ဆက်လက် မောင်းလာခဲ့လေသည် ။

မနက် (၆) နာရီ လောက်တွင် ရွာသို့ ရောက်လာခဲ့သည် ။ ကျုပ်လည်း ရောက်ရောက်ချင်း ဘကြီးဆီ ဝင်ခဲ့တယ်ဗျာ။ ကျုပ်ကို မြင်သော ဘထစ် တစ်ယောက် ကျုပ်ကို မနက်စာ လိုက်ကျွေးတယ်ဗျာ။ ကျုပ်လည်း အညာစာ မစားရတာကြာပြီ ဖြစ်သောကြောင့် ကျုပ်လည်း ဘထစ် ခေါ်ရာ လိုက်သွားသည် ။ ကျုပ်သူငယ်ချင်း ဘထစ်က လူကသာ စကားထစ်တယ်။ အင်မတန် လွတ်ရိုးတဲ့ လူဗျ။ ကျုပ်နဲ့ က ငယ်ငယ်ကတည်းက ကျောင်းနေဖက်တွေလေဗျာ။ လူကသာ စကားထစ်တယ်။ ပြောလိုက်ရင် မနားတော့ဘူး။ လေအိုး စစ်စစ်ဗျ။ ကျုပ်လည်း ရွာမရောက်တာ (၅) နှစ်လောက် ကြာပြီ ဆိုတော့ ရွာအနှံ့ကို လမ်းလျှောက်၍ လျှောက်ပတ်ကြည့်ခဲ့သည် ။ လမ်းတွင် ကျုပ်ကို မြင်သော ဆန်လုံးလေးက အသံအကျယ်ကြီးနှင့် အော်ဟစ် ပြောလိုက်သည် ။

"ဟောဒီမှာ ... ဗျို့ ကိုကြီး တာတေ ပြန်ရောက် လာပြီ။"

ကျုပ်ကလည်း ကျုပ်သူငယ်ချင်း ဆန်လုံးကို ခေါ်ကာ မနက်စာကို ဘထစ်အိမ်မှာ သွားစား ဖြစ်လိုက်သည် ။ အညာဟင်း ၊ အညာထမင်းက လွတ်ကောင်းတယ်ဗျ။ ပြီးတော့လည်း ဘထစ်က ကျုပ်သိပ်ကြိုက်တဲ့ ဝက်သားနီ ဟင်းကို ထည့်ပေးတာ။ ကျုပ်လည်း အားမနာတာနဲ့ (၃) ပန်းကန်လောက် ကုန်သွားတယ်။ ဘထစ်ရဲ့ အမေဖြစ်သူက အနား လာပြီး ပြောသွားသည် ။

"ငါ့တူ...တာတေ ထည့်စားအုံးလေကွယ့်။ ဘထစ်က သား... ဒီနေ့ ရောက်မယ်လို့ ပြောထားတာ။ အဲဒါကြောင့် သားကြိုက်တဲ့ ဝက်သားနီ ဟင်း ချက်ထားတာကွယ့်။ ဘာလိုသေးလဲ ငါ့တူ။ လက်ရာ ကောင်းတယ်မလား။"

ကျုပ်ကလည်း ထမင်း ပလုတ်ပလောင်း နှင့် ဖြေလိုက်သည် ။

"အရမ်းကောင်းပါတယ် ကြီးတော်။ ကျုပ်ကလည်း ဝက်သားနီဟင်း ဆိုရင် လွတ်ကြိုက်တာ။ ဘထစ် မင်းနဲ့ ကြီးတော်ကို ငါ အရမ်း ကျေးဇူး တင်ပါတယ်ကွာ။"

ဘထစ် နာမည်အရင်းက ဘသစ်လေ။ ဒီကောင်ကြီးက စကားထစ် ရာကနေ နာမည် အရင်း ပျောက်ပြီး ဘထစ် ဖြစ်သွားတာဗျ။

စားသောက်ပြီးနောက် ကျုပ်မျက်လုံး လေးလာတာနဲ့ ကျုပ်လည်း ဘထစ်တို့ အိမ်မှာ ကျုပ်ရယ် ၊ ဆန်လုံးရယ် တစ်ရေးတမော အိပ်လိုက်ကြသည် ။

ညနေစောင်း ရောက်မှ ... ကျုပ်လည်း ဆန်လုံးကို နှိုးပြီး ဘကြီးဆီ ပြန်သွားပါတော့သည် ။

ကျုပ်လည်း ညစာ စားပြီးတာနဲ့ ဘုရားရှိခိုးပြီး စောစောစီးစီး အိပ်

ရာထဲ ဝင်ခဲ့တယ်ဗျာ။

မနက်ခင်းရဲ့ အာရုဏ်ဦးနှိုးစက်ဖြစ်သော ကြက်ဖသံဖြင့် နိုးထလာခဲ့သည် ။ မျက်နှာသစ်၊ သွားတိုက်ပြီးတာနဲ့ ကျုပ်လည်း အဘတို့ ရှိရာ နေရာသို့ ရောက်လာခဲ့သည် ။ ထို့နောက် အဘနှင့် မနက်စာစားရင်း ကျုပ်အစ်ကိုအကြောင်းကို မေးတာပေါ့ဗျာ။

ကျုပ်လည်း ကျုပ်အစ်ကိုအကြောင်းပြောပြီးတာနဲ့ ကျုပ် ထင်းခွဲဖို့ အဘွားက အိမ်ပေါ်ထပ်ကနေ အော်ပြောလိုက်တယ်။

"ဟေ့...လူလေး တာတေ ထင်းနည်းနေပြီကွယ့်။ ထင်းသွားခွေပေးအုံး။"

ကျုပ်လည်း ပြောပြောချင်း နီးရာ ပုဆိန် ယူသွားပြီး ထင်းခွေ သွားပါတော့တယ်။ ထင်းခွေပြီးနောက် မီးဖိုချောင်ထဲကို ထင်းတွေ ပို့လိုက်ပါတော့တယ်။

အခုချိန် နေ့လယ်ရောက်တော့ တာတေရဲ့ ဗိမ္မာန်ကြီးက လွတ်ကောင်းတယ်ဗျို့။ ကျုပ်ရဲ့ ဗိမ္မာန်ကတော့ မန်ကျည်းပင်ကြီးဗျ။ အညာဆိုတော့ ပူတယ်လေဗျာ။ ကျုပ်လည်း ထင်းခွေလို့ ပြီးတာနဲ့ ကျုပ်ရဲ့ ဗိမ္မာန်ဆီကို ခြေဦး တည့်ခဲ့ပါတော့တယ်။ ကျုပ်ရဲ့ နဂါးဆေးပေါ့လိပ်ကို ဖွာရင်း ကျုပ် ရွာကို လျှောက်ကြည့်တုန်းက မိန်းမပျိုလေး တစ်ဦးအစ်ကိုကြောင်း စဥ်းစားရင်း ကျုပ်ရဲ့ ဗိမ္မာန် အောက်မှာ စည်းစိမ်အပြည့် ခံစားနေတာပေါ့ဗျာ။ ထိုစဥ်... အပေါက်ဝက ဘထစ် အသံကြားရလာသည် ။

"တာတေ ရှိလား။ တာတေ ရှိလား ဗျာ။"

ကျုပ်လည်း ပြန်ပြီး အသံပေးလိုက်သည် ။

"ဟော့ရောင်...ဘထစ် ငါ မန်ကျည်းပင်အောက်မှာ ။ လာခဲ့လေကွာ။"
ကျုပ်လည်း ပြောပြီးပြီးချင်း ဟိုကောင် ဘထစ် အမြန်ကို ပြေးလာတာ ဗျို့။

"တာတေရေ...မင်း ဟိုဘက်ရွာက ပဲပြုတ်ရောင်းတဲ့ ဒေါ်တုတ်ကြီး သိတယ်မလား။"

"အေး...သိတယ်။ ဘာဖြစ်လို့ လဲ။"

"ဒေါ်တုတ်ကြီး ယောကျ်ား ကိုဖိုးတေ သေပြီကွ။"

"ဟေ...ဘယ်လိုဖြစ်ပြီး သေတာလဲကွ။"

"သူ့နောက်ကျောကုန်းမှာ လက်ဝါးအမည်းကြီး တွေ့တယ်ကွ။ ရဲစခန်းကို အမှုစစ်ဆေးကြည့်တော့ တစ်စုံတစ်ဦးရဲ့ လက်ချက်ကြောင့် သေတာ မဟုတ်ဘူး တဲ့ ။ သူတို့ လည်း တစ်ခါမှ ဒီလို အမှုမျိုးကို တစ်ခါမှ လည်း မမြင်ဖူးတဲ့ ။ ဖြစ်တာလည်း ခါတိုင်း အမှုတွေလို ဓားထိုးမှုတွေ ၊ ရိုက်နှက်ထိုးကြိတ်မှုတွေ မဟုတ်ဘူး တဲ့ ။"

"နို့နေပါအုံး... ကိုဖိုးတေ မသေခင် ဘာလုပ်သေးလဲ။"

"ဘာလုပ်သေးလဲ ဆိုတော့ ဒေါ်တုတ်ကြီး ပြောတာက သူ့ယောကျ်ားက ညနေတိုင်း အရက်သောက်ပြီး ပြန်လာနေကျ။ တစ်ခါမှ ဒီလို မဖြစ်ဖူးဘူး။ ဒေါ်တုတ်ကြီးမှာ ငိုလိုက်တာမှ သောက်သောက်လဲပဲကွ။

"အေးအေး..."

ဘထစ်လည်း ပြောပြီးပြီးချင်း ပြန်သွားပါတော့သည် ။ ကျုပ်ဆိုတဲ့ တာတေကလည်း ဒီလို ကိစ္စတွေမှာ လက်မနေးသင့်ဘူး ဆိုတာ ကျုပ်သိတယ်။ ညရောက်သော်... ကျုပ်လည်း အဘတို့ အိပ်နေချိန်တွင် ကျုပ်ဆေးလွယ်အိတ်ထဲက မဖဲဝါ ကိုယ်ပွား ရုပ်လေးကို ထုတ်ကာ...

"အိုး...အရှေ့အရပ်က နေထွက် ၊ အနောက်ဂေါယာကျွန်း နေဝင် ၊ မြောက် ရူပံနှင့် အတူ သဠိုင်းရှင်မ မဖဲဝါ ကျေးဇူးပြု၍ ရောက်ရာ နေရာက လာခဲ့ပါ ခင်ဗျာ။"

ကျုပ်လည်း မဖဲဝါ ကိုယ်ပွားရုပ်လေးကို ခေါင်းအုံး အောက်မှာ ထားပြီး အိပ်လိုက်ပါတော့တယ်။

ကျုပ် အိပ်မက် မက်တယ်ဗျာ။

ကျုပ်အိပ်မက်ထဲမှာ တော့ လက်ပံပင်အောက် ရောက်သွားတယ်။ ပြီးတော့ အတွဲတွေ ထိုင်တဲ့ ထိုင်ခုံမှာ ကောင်မလေး တစ်ယောက်ရှိနေတယ်။ ကျုပ်ရွာထဲမှာ လျှောက်လည်တုန်းက ကျုပ်စွဲလန်းနေတဲ့ ကောင်မလေးပေါ့ဗျာ။ အဲဒီကောင်မလေး ပန်းဝါလေး ပန်ထားတော့ တော်တော်လှလွန်းလို့ ကျုပ်ပါးစပ်တောင် မပိတ်နိုင်ဘဲ ဖြစ်သွားတယ်။ ပြီးမှ ကောင်မလေး က စကားစပြောတယ်။

"ဟော့...တာတေ လာထိုင်လေဟာ။ မတ်တပ်ကြီး ရပ်နေရတာ ညောင်းနေလောက်ပြီ။"

ကျုပ်လည်း အဲကျမှ အသိစိတ်က ကပ်လာတာဗျို့။ ကောင်မလေးက ကျုပ်ကို ပြောတယ်။

"နင်နဲ့ တော့ ခက်ပြီ။ ငါပြောမယ်။ ငါက နင်စိတ်ဝင်စားနေတဲ့ ကောင်မလေး မဟုတ်ဘူး နော် တာတေ။ ငါက မဖဲဝါနော်။ သတိလည်း ထားဦး တာတေ။ ကဲ... ငါပြောမယ်။ အခု ဟိုကောင် ဖိုးတေ သေတာ ပရောဂ တစ်ယောက်ကြောင့် ဟဲ့။ ပြီးတော့ အဲကောင်က မူးရင် ဘာမှ မသိဘူး ။ အဲကောင် သေတဲ့ နေ့က အဲဒီအစ်ကိုဆောင် ဖိုးတေ ဆဲလိုက်တာမှ ဆဲနည်းမျိုးစုံပဲ။ ငါတောင် မကြားဖူးတဲ့ ဆဲနည်း အသစ်တွေလည်း ပါတယ်။ ပြီးတော့ အဲကောင် ဖိုးတေက အခုချိန်ထိ သူ့ဝိညာဉ်က လျှောက်သွားနေ

တုန်း ဟဲ့။ ဒီည လပြည့်နေ့မရောက်ခင် သူ ကျွတ်နိုင်မှ နင်တို့ ရွာ အေးချမ်းမယ်။ မဟုတ်လို့ ကတော့ နင်တို့ တော့ တစ်နည်း မဟုတ် တစ်နည်း ဒုက္ခပေးလိမ့်မယ်။ နင့်မှာ သိပ်အချိန်မရှိတော့ဘူးနော်။ မြန်မြန်လုပ်နိုင်မှ ရမယ်။"

"မဖဲဝါက သူ့ကို မနိုင်ဘူးလား ဗျာ။"

"မနိုင်ဘူး ဟဲ့။ အဲကောင်က ကာယသိဒ္ဓိရှိတယ် ဟ။ အဲဒါက တော်တော် အစွမ်းထက်တယ်။"

"နို့နေပါအုံး... မဖဲဝါတောင် မနိုင်တဲ့ ဟာကို ကျုပ်က နိုင်မှာ တဲ့ လား ဗျ။

"ငါ... ပြောသလိုလုပ် တာတော။ နင်တို့ အချိန် (၃) ရက် ပဲ ရတော့မယ်။

လပြည့်နေ့က (၂၆) ရက်နေ့ ကျတယ်။ ဒီနေ့က (၂၃) ရက်။ နင်တို့ ရွာမှာ မုဆိုး တစ်ဦးရှိတယ်။ အဲမုဆိုးဆီကို သွား။ ပြီးရင် ကနက် ဆိုတဲ့ အမြစ်ဥ ရှာခိုင်း။ ပြီးရင် အဲကောင် ဖိုးတေ လာမယ့် လမ်းမှာ အဲကောင် လာတာနဲ့ နင် မီးရှို့လိုက်။ အဲဒါမှ အဲကောင် ဖိုးတေ သူ့ပါဝါတွေ ကျ လာပြီး ငရဲပြည်က အဲကောင်ကို ဆွဲခေါ်သွားလိမ့်မယ်။

"ဟုတ်ကဲ့ မဖဲဝါ"

ကျုပ်လည်း အိပ်မက်ပြီးတာနဲ့ ရွာထဲက မုဆိုးတစ်ဦးကို ထို အမြစ်ဥ ရှာခိုင်းသည် ။ ညနေလောက်တော့ ထိုမုဆိုးက ကျုပ်အိမ် လာပြီး ထိုအမြစ်ဥ ပေးလိုက်သည် ။ ကျုပ်လည်း မုဆိုးကြီးကို ၅၀၀၀ ပေးကာ နောက်နေ့ည (လပြည့်နေ့ ည) တွင် စတင် လှုပ်ရှားပါတော့သည် ။ ည ( ၁၀) နာရီ ဝန်းကျင်လောက်တွင် ကျုပ်ရယ် ၊ ဘထစ်ရယ် ၊ ဆန်လုံးရယ်

မျက်ကွင်းဆေး ကွင်းပြီး အခြေအနေ အစ်ကိုခတ်သည် ။ ဘာမှ မထူးခြားသေးသောကြောင့် ကျုပ်တို့ ညစာ ထမင်း စားခဲ့သည် ။ ဘထစ် က ထမင်း (၃) ယောက်စာ ထုပ်လာသဖြင့် ကျုပ်ရယ် ၊ ဘထစ်ရယ် ၊ ဆန်လုံးရယ် ထမင်းစားခဲ့သည် ။ ထမင်းစားပြီးနောက် နဂါးဆေးပေါ့လိပ်ကို ဖွာရင်း စောင့်နေထစ်ရယ် ၊ ဆန်လုံးရယ် ထမင်းစားခဲ့သည် ။ ထမင်းစားပြီးနောက် နဂါးဆေးပေါ့လိပ်ကို ဖွာရင်း ဟိုင်မိုက်သား ဖိုးတေကို စောင့်နေသည် ။ ထိုစဉ် ည (၁၂) လောက်ခန့်တွင် ခွေးများ စတင်အူပါတော့သည် ။

"အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး... အာ...ဝူး..."

ခွေးက အစ်ကိုခေါင် ၂၀ လောက် အူတော့ ကျုပ်နားတော့ ပူသွားတယ်ဗျာ။

ဟော...ဟိုမှာ ယိုင်ထိုးထိုးနဲ့ ကိုဖိုးတေ လာနေသည် ကို တွေ့သော ဆန်လုံးက ကျုပ်ကို လှမ်းပြောသည် ။

"ကိုကြီး တာတေ... ဟိုမှာ လာပြီ။"

ဆန်လုံးလည်း ကျုပ်ကို ပြောပြီးပြီးချင်း ဆန်လုံးနှင့် ဘထစ် တို့ က ကြောက်သဖြင့် အိမ်ပြန် ပြေးသွားလေတော့သည် ။

"အေး… ငါ မီးရှို့လိုက်ပြီ။"

ရှို့လိုက်တဲ့ မီးခိုးငွေ့တွေ နည်းနည်းနောနောကို မဟုတ်ဘူး ။ ထို့နောက် ကိုဖိုးတေ လဲကျသွားလေသည် ။ ထို့နောက် မြေကြီးတွေ အစ်ကိုလာပြီး မီးများက ကိုဖိုးတေကို လွှမ်းခြုံသွားလေသည် ။ နောက်ဆုံး ကိုဖိုးတေ ကျုပ်ကို မကျေနပ်သည့် စကား တစ်ခု ပြောသွားသည် ။

"ငါ မင်းကို ဒီတစ်သက် မကျေဘူး တာတေ။" ဆိုပြီး ပြောလည်း ပြောပြီးရော ချက်ချင်း မြေကြီးမှာ လည်း အစ်ကိုခင်း ပကတိ ဖြစ်သွားသည် ။ ထို့နောက် ကျုပ်လည်း ကျုပ်တာဝန် ကျေပြီ ဖြစ်၍ နောက်နေ့ မနက်တွင် ဘကြီးတို့ ကို နှုတ်ဆက်ပြီး ထွက်ခွာခါနီး ကျုပ် စွဲလန်းနေတဲ့ ကောင်မလေးက ကျုပ်နား လာပြီး လက်ဆောင်တစ်ခု လာပေးသွားသည် ။ ဘာလက်ဆောင်လဲ ဆိုတော့ကား သူကိုယ်တိုင် ထိုးပြီး ရက်လုပ်ထားတဲ့ လက်ကိုင်ပုဝါလေး တစ်ထည် ဖြစ်သည် ။ ကျုပ်လည်း ညကျမှ ပြန်တော့မယ် ဆိုပြီး အဘ တို့ ကို ပြောလိုက်ပါတော့သည် ။

ထို့နောက် ကျွန်တော့် အိပ်မက်ထဲက လက်ပံပင်ကြီးရှိရာ နေရာသို့ ခေါ်သွားပြီး ကျုပ် ချစ်နေတဲ့ အစ်ကိုခြောင်း ဖွင့်ပြောလိုက်ပါတော့တယ်။ ကောင်မလေးက ကျုပ်ကိုလည်း ကျုပ်ငယ်ငယ်ကတည်းက စိတ်ဝင်စားနေတယ်ဆိုတော့ အခု ချစ်တယ် ဆိုတဲ့ သဘော ဖြစ်သွားတာပေါ့ဗျာ။ ထိုစဉ် ဘထစ်နှင့် ဆန်လုံးတို့ က ချောင်းကြည့်ရာမှ ထွက်လာတော့သည် ။ ကောင်မလေးက ရှက်သဖြင့် ပြေးသွားလေသည် ။ ကျုပ်ကလည်း နောက်ကနေ ပြေးလိုက်သည် ။ လယ်ကန်သင်းပေါ် ပြေးသွားသဖြင့် ကောင်မလေး ရုတ်တရက် ချော်လဲမည်ကို ထင်သောကြောင့် ကျုပ်လည်း အမိအရ လက်ကို လှမ်းကိုင်လိုက်သည် ။ နောက်ဆုံးတော့ ကျုပ်နဲ့ ကောင်မလေး ရည်းစား ဖြစ်သွားခဲ့လေတော့သည် ။

မနက် (၁၀) နာရီ ရောက်တော့ ဘထစ်တို့ က ကြက်သား ကာလာ သားဟင်း ချက်ရန် ကျုပ်ကို လှမ်းခေါ်သည် ။ ကျုပ်လည်း ကျုပ်ကောင် မလေးကို ခေါ်ကာ စတင်ပြီး ကြက်သား ကာလာသားဟင်း ချက်ပါ တော့သည် ။ ကျုပ်ကောင်မလေးက ဘူးသီး လှီးတယ်။ ကျုပ်က ထင်းခွဲ တယ်။ ဘထစ်တို့ က ချက်သည် ။ ထို့နောက် ဦးဦးဖျားဖျားအဖြစ် ဘုန်းကြီးကျောင်း ကပ်လိုက်သည် ။ ပြီးနောက် ရွာနှစ်ရွာ ဖြစ်သော ဘန့် ဘွေးကုန်းနှင့် ထနောင်းကုန်းရွာတို့ ကို စတင်ပြီး ဝေငှ ပါတော့သည် ။ ဝေငှပြီးနောက် ကျုပ်နှင့် ကျုပ်ကောင်မလေး Romantic ဆန်ဆန် နှစ် ယောက် တစ်ပန်းကန် တစ်ယောက် တစ်လှည့်စီ ခွံ့ကျွေးကြသည် ။ ဆ န်လုံးနှင့် ဘထစ် တို့ က အားကျသဖြင့် သူတို့ လည်း တစ်ယောက်ချင်းစီ ခွံ့ကျွေးကြသည် ။ ထို့နောက် ကျုပ်လည်း ညနေရောက်တာနဲ့ အဝတ်အ စား ထုပ်ပြီး ကျုပ် ကောင်မလေး ၊ အဘတို့ နှင့် တစ်ရွာလုံးကို နှုတ်ဆ က်ပါတော့သည် ။ ကျုပ်ကောင်မလေးက ငိုပြီး ကျုပ်ကို ပြောသည် ။

"အစ်ကို... ဟိုရောက်ရင် အစစ အရာရာ ဂရုစိုက်နော်။ ကောင်မ လေး အစ်ကို့ဆီက စာကို မျှော်နေမယ်နော်။"

"ကောင်းပါပြီ ကောင်မလေး။ အစ်ကို အချိန်ရတာနဲ့ ကောင်မလေး ဆီ စာရေးလိုက်မယ်နော်။ ကဲ... ကောင်မလေး အစ်ကို သွားတော့မယ် နော်။"

ကျွန်တော်လည်း အားလုံးကို နှုတ်ဆက်ပြီးတာနဲ့ ရန်ကုန်မြေသို့ ပြန် လည်ရောက်ရှိ လာပြီး ကျွန်တော့် တာဝန်တွေကို စတင်ပြီး ထမ်းဆောင် ပါတော့သည် ။

အားလုံးပဲ ကျွန်တော့်ကို ဝေဖန်ပေးကြပါ ခင်ဗျာ။

ဒီ ဝတ္ထုထဲမှာ ကျွန်တော့် နာမည် မြှုပ်ထားပါတယ် ခင်ဗျာ။ အစ်ကို

ယ်၍ စာဖတ်သူသိရင် Comment Box မှာ သိရင် မန့်သွားပေးပါ ခင်ဗျာ။
အဲဒီ နာမည်က ကျွန်တော့် ကလောင် နာမည်အရင်းပါ ခင်ဗျာ။

စာဖတ်သူတွေကို တစ်နေ့ တစ်မျိုး မရိုးရအောင် ရေးသွားမည့်

ကောင်းကင် (လူ့ပြည်သို့ တစ်ခေါက်လာလည်သူ)

***